

ADRA

# Mingalaba
# မင်္ဂလာပါ

I41 | JAugust - September 23

## စောမူး၏ ဇာတ်ကြောင်း

ပညာရေးမြှင့်တင်ရန်ရည်ရွယ်သော စောမူး၏ ခရီးလမ်း

ADRA

# Mingalaba
မင်္ဂလာပါ

ISSUE 41 | AUGUST - SEPTEMBER 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း ၁၂၀ ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြုမှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံးနိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS

၂ အယ်ဒီတာအဖွဲ့
၃ ဆောင်းပါး
၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း
၅ ယခုလ ဓာတ်ပုံကဏ္ဍ
၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ

# EDITORIAL

**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Nilar Win Naing, Aung Cho Min, Nan Khin Khin Tun, Saw Dawait, Nang Moung Koh Pawh Awr

**PUBLISHER**
ADRA Myanmar

*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



## စောမူး၏ ဇာတ်ကြောင်း

မူလတန်းကျောင်းလေးတစ်ကျောင်းတွင် စာသင်ကြားနေသော မူလတန်းပြဆရာဖြစ်သူ စောမူးသည် ဘူးသိုမြို့နယ်တွင် နေထိုင်ပါသည်။ သူ့တွင် မိသားစုဝင်ခုနစ်ဦးရှိသည်။

အစပိုင်းတွင် စောမူးသည် ယခင်က သင်ကြားမှုအတွေ့အကြုံမရှိခြင်းကြောင့် ကြောက်ရွံ့ထိတ်လန့်မှုနှင့် စိတ်လှုပ်ရှားမှုတို့ ရောယှက်ကာ သင်ကြားရေးခရီးကို စတင်ခဲ့ရသည်။

စောမူးက "စာသင်ခန်းစီမံခန့်ခွဲမှုနည်းစနစ်များ၊ ကွဲပြားသောသင်ကြားရေးနည်းဗျူဟာများနှင့် မရှိမဖြစ်လိုအပ်သော သင်ကြားရေးကျွမ်းကျင်မှုများနှင့် ရင်းနှီးမှုမရှိခြင်းသည် ကျွန်ုပ်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း စောမူးက ပြောကြားခဲ့သည်။

Norad နှင့် ADRA Norway မှ ရန်ပုံငွေထောက်ပံ့ထားသော SEAQE2 စီမံကိန်းအောက်တွင် KTWG မှ ကြီးမှူးသော နွေရာသီအားလပ်ရက် ဆရာအတတ်သင်သင်တန်းကို စောမူးအနေဖြင့် တက်ရောက်ခဲ့သောအခါတွင် အကျိုးရှိသော သင်ကြားနည်းများကို တွေ့ရှိခဲ့ရသည်။

"အခုမေးခွန်းတွေကို ကျွမ်းကျင်စွာမေးပြီး သင်ခန်းစာအစီအစဉ်တွေဖန်တီးခြင်းတွေအပါအဝင် ဆရာတစ်ယောက်နဲ့ ဆိုင်တဲ့ အသိပညာကို ကျွန်တော်ရရှိလာပါပြီ။ ဘာသာရပ်မျိုးစုံနဲ့ သင်ခန်းစာအကြောင်းအရာတွေအတွက် သင်ကြားရေးအထောက်အကူတွေ ဖွံ့ဖြိုးတိုးတက်စေနိုင်တဲ့ ဒေသဆိုင်ရာအရင်းအမြစ် အများအပြားကို ရှာဖွေတွေ့ရှိထားပါတယ်။"

ထို့ပြင်၊ သင်တန်းတွင် ပါဝင်သော သင်ကြားရေးဆိုင်ရာ သင်ကြားနည်းများသည် သူ၏သင်ကြားရေးအလေ့အကျင့်တွင် အလွယ်တကူ ပြန်လည်အသုံးချနိုင်သောကြောင့် တစ်ဖက်တစ်လမ်းမှနေ၍ စိတ်ပါဝင်စားမှုကို လှုံ့ဆော်ပေးခဲ့သည်။

ကရင်ပြည်နယ်အတွင်း ပညာရေးစနစ်၏ တိုးမြင့်လာမှုကို အသိအမှတ်ပြုသည့်အနေဖြင့် စောမူးက ၎င်း၏ရည်မှန်းချက်များ အောင်မြင်ပြီး မျိုးဆက်သစ်ပညာရေးစနစ် အားကောင်းလာစေရန် ရှေ့သို့ ဆက်လက်တက်လှမ်းရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်။

မယိမ်းယိုင်သော ကတိကဝတ်များဖြင့် ရပ်ရွာအတွင်းရှိ ကလေးတိုင်း အရည်အသွေးပြည့်မီသော ပညာရေးကို ရရှိနိုင်ကာ လူမှုအဖွဲ့အစည်းအတွက် အဓိပ္ပာယ်ပြည့်ဝစွာ ရှင်သန်ကြီးထွားလာစေရန်နှင့် အကျိုးပြုနိုင်စေမည့် အနာဂတ်ကို ရရှိရန် သူ့အနေဖြင့် မျှော်မှန်းထားသည်။

> "သင်တန်းက ကျွန်တော်တို့အတွက် များစွာအကျိုးရှိပြီး ယုံကြည်မှုကို တိုးလာစေပါတယ်။ သင်ကြားမှုအပေါ် စိတ်အားထက်သန်အောင်လည်း လှုံ့ဆော်ပေးပါတယ်။ ကျွန်တော်အနေနဲ့ သင်ကြားခဲ့ရတဲ့ အသိပညာနဲ့ လေ့ကျင့်ရေးသင်ခန်းစာများကို ဆရာတွေနဲ့အတူ မျှဝေပေးဖို့လည်း စိတ်အားထက်သန်ပါတယ်။



# SAW KAPAW HTOO

**Internal Auditor & Controller - CASE2LEARN**

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**

ကရင်(မြန်မာ)လူမျိုးပါ။

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**

နန်းကြီးသုပ်ပါ။

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**

အပြာရောင်ပါ။

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**

သီချင်းဆိုခြင်း၊ မော်တော်ဆိုင်ကယ်စီးခရီးသွားခြင်း၊ ဘောလုံးကန်ခြင်း

**Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။**

ကော့သောင်း၊ ပုဂံတို့ကို သွားလည်ချင်ပါတယ်။

**Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။**

Time is always right; you have to decide what you want to do with it

**Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။**

မေလ ၂၀၀၈ ခုနှစ်ပါ။

**Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။**

Value session

## ကျွန်ုပ်တို့အဖွဲ့နှင့် လက်တွဲပါ

ADRA

Adventist Development and Relief Agency (ADRA) သည် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝန်းထံသို့ အကူအညီများပေးအပ်နိုင်ရန်အတွက် နိုင်ငံများအသီးသီးတွင် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ADRA Myanmar သည်လည်း ADRA ကွန်ရက်အတွင်း ‘အကောင်အထည်ဖော်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆိုင်ရာရုံး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် www.adramyanamr.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သို့မဟုတ် သင့်စိတ်ပါဝင်စားမှုအတွက် recruitment@adramyanmar.org သို့ အခုပင်မေးလ်ပေးပို့လိုက်ပါ။

# ယခုလအတွက် ဓာတ်ပုံ



ဓာတ်ပုံ၏အကြောင်း

UNICEF မှ ရန်ပုံငွေထောက်ပံ့ပေးထားသော WinS စီမံကိန်းသည် ကရင်ပြည်နယ်ရှိ စီမံကိန်းပစ်မှတ်ထားသော ကျေးရွာများရှိ မသန်စွမ်းအိမ်ထောင်စု အချို့အပါအဝင် အိမ်ထောင်စု ၅၈၈ အတွက် ရေသန့်စင်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။

# CONTACT US

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## SEAQE2

ယခုလတွင်၊ Norad နှင့် ADRA နော်ဝေးမှ ရန်ပုံငွေထောက်ပံ့ထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့ပါသည်။

ADRA နှင့် ACS ညှိနှိုင်းအစည်းအဝေး (OCA) ကို ဘားအံရုံး၌ ကျင်းပခဲ့ပြီး SEAQE အဖွဲ့နှင့် ACS အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေး၏ အဓိကအစီအစဉ်မှာ ACS စွမ်းဆောင်ရည်လိုအပ်ချက် အကဲဖြတ်ခြင်းမှရရှိသော အဓိကတွေ့ရှိချက်များနှင့် အကဲဖြတ်ရမှတ်များအပေါ် စေ့စေ့စပ်စပ်ဆွေးနွေးရန်ဖြစ်သည်။

ပထမအကြိမ် ဆရာဖြစ်သင်တန်းကို ACS ကျောင်း ၁၂ ကျောင်းတွင် ဆရာ၊ဆရာမ ၇၆ ဦး ပါဝင်၍ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသည် စာသင်ခန်းစီမံခန့်ခွဲမှု၊ အစီအစဉ်ဆွဲခြင်းနှင့် ဆက်သွယ်ရေးစသည့် သင်ကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများကို အလေးပေးလေ့ကျင့်သင်ကြားခြင်းဖြစ်သည်။





## ReCAP

ယခုလတွင် ReCAP စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

- RECAP စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အထိ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် RECAP စီမံကိန်းအဖွဲ့သည် စီမံကိန်းတိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ Midterm Review စစ်တမ်းနှင့် Post Distribution Monitoring မှ တွေ့ရှိချက်များကို မျှဝေရန် ရည်ရွယ်၍ လေးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် စီမံကိန်းဝန်ထမ်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား ပေါင်းစည်းခြင်းမှတစ်ဆင့် အတွေ့အကြုံများအားသင်ယူနိုင်စေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## WINS

ယခုလတွင် UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WinS စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့ပါသည်။

- ကရင်ပြည်နယ်အတွင်း မသန်စွမ်းအိမ်ထောင်စု ၂ စု အပါအဝင် အိမ်ထောင်စု ၅၀၀ အတွက် ရေစစ်ပစ္စည်း ၅၀၀ ကို ဖြန့်ဝေခဲ့သည်။ ဤဖြန့်ဝေမှုမှတစ်ဆင့် ရပ်ရွာလူထု ၂၈၇၃ ဦး အကျိုးခံစားခဲ့ရသည်။

- ရာသီစက်ဝန်း ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများတိုးပွားလာစေရန် ရည်ရွယ်၍ ကျန်းမာရေးပညာပေး စာစောင် 80 ကို စီမံကိန်းဧရိယာအတွင်းရှိ အလယ်တန်းနှင့် အထက်တန်းကျောင်း ခုနစ်ကျောင်းသို့ ဖြန့်ဝေခဲ့သည်။

- ကျောင်းအုပ်ဆရာကြီးများနှင့် ကျောင်းကော်မတီဝင်များအား မွမ်းမံသင်တန်းကို စီမံကိန်းနယ်မြေ ၃ မြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။

- WinS စီမံကိန်း၏ ဒေတာစုဆောင်းခြင်း သင်တန်းအမှတ်စဉ် ၃ ကို စီမံကိန်းဆောင်ရွက်နေသော ကျေးရွာများတွင် ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း စာရင်းကောက်သူ ၁၉ ဦးကို သင်တန်းပေးခဲ့သည်။





## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada မှ ရန်ပုံငွေထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် ကျောင်းကော်မတီဝင်များအတွက် လှိုင်ကော်မြို့နယ်တွင် အခြေခံစိုက်ပျိုးရေးသင်တန်းကို ပြုလုပ်ခဲ့သည်။

သင်တန်းအပြီးတွင် စီမံကိန်းသည် သင်တန်းသားများအား စိုက်ပျိုးငါးကေ အတွက် စိုက်ပျိုးပစ္စည်းကိရိယာအစုံအလင် အပြင် မျိုးစေ့နှင့် ရန်ပုံငွေတို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းအစီအစဉ်သည် ကျောင်းလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝင်ငွေရရှိရန် ရည်ရွယ်သည်။

- လားရှိုးမြို့နယ်မှ ALP ကျောင်းသား ၁၀ ဦးအတွက် အခြေခံအပ်ချုပ်သင်တန်းကို ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ပြုလုပ်ခဲ့သည်။
သင်တန်းပြီးသောအခါ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားတွင် ADRA အဖွဲ့မှ သင်တန်းသားများအား အပ်ချုပ်စက်နှစ်လုံးအား ပေးအပ်ခဲ့ပြီး ကျန်သင်တန်းသားများအား နှစ်သိမ့်ဆုများအပြင် အခြေခံအပ်ချုပ်ပစ္စည်းများကိုပါ ပေးအပ်ခဲ့သည်။











# TIPS OF THE MONTH

လေးစားထိုက်သော လုပ်ငန်းခွင်တစ်ခု ဖန်တီးခြင်းပေးခြင်းသည်  ဝန်ထမ်းများ ကောင်းမွန်စွာနေထိုင်နိုင်ရေးနှင့် စွမ်းဆောင်မှုများ မြင့်မားရန် အတွက် အသက်သွေးကြောဖြစ်ပါသည်။ ဝန်ထမ်းများသည် ပေါင်းစည်းညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို မြှင့်တင်ရန်အတွက် ဝန်ထမ်းများအား အနိုင်ကျင့်ခြင်း၊ ထိပါး နှောင့်ယှက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကို ရှောင်ကြဉ်သင့်သည်။ အောက်ပါ ဥပမာများသည် လူတစ်ဦးချင်းစီနှင့် လုပ်ငန်းခွင်ကို ထိခိုက်နစ်နာစေသော အပြုအမူများကို မီးမောင်းထိုးပြပြီး ဤလမ်းညွှန်ချက်များကို လိုက်နာခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြထားပါသည်။

- အနိုင်ကျင့်ခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်အားထိပါးစော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပြု ခြင်း စော်ကားခြင်းနှင့်/သို့မဟုတ် အာဏာအလွဲသုံးစားပြုခြင်းဖြစ်သည်။
- မလိုလားအပ်သော ထိတွေ့ကိုင်တွယ်ခြင်းမှသည် ဆိုးရွားသော ကိုယ်ထိလက်ရောက် စော်ကားမှုအထိ ပါဝင်သည့် ကိုယ်ထိလက်ရောက်ပြုမူခြင်း။
- မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ သွေးဆောင်စည်းရုံးခြင်း။
- လိင်ပိုင်းဆိုင်ရာ ဆက်နွှယ်မှုကြောင့် ချီးမြှင့်ခြင်း။
- လိင်ပိုင်းဆိုင်ရာ ဆက်နွှယ်မှုပြုရန် ငြင်းပယ်ခြင်းအတွက် ခြိမ်းခြောက်မှုများ။
- လူတစ်ဦး၏ ပုံပန်းသဏ္ဌာန်နှင့်ပတ်သက်၍ ရှုတ်ချ ပြောဆိုခြင်း။
- မလိုလားအပ်သည့် ပြက်လုံးများ နှင့် လှောင်ပြောင်ခြင်း။
- လူတစ်ဦး၏ လိင်မှုဘဝနှင့်ပတ်သက်သည့် မေးခွန်းများမေးခြင်း။
- လူတစ်ဦး၏ အသက်၊ မျိုးနွယ် သို့မဟုတ် မသန်စွမ်းမှုနှင့်ပတ်သက်သော မနှစ်မြို့ဖွယ်နာမည်ပြောင် ပေးခြင်း။
- မဖွယ်မရာ အမူအရာများကို အသုံးပြုခြင်း။
- တစ်စုံတစ်ဦးနှင့် ပတ်သက်ဆက်နွှယ်မှုကြောင့် လူတစ်ဦးအား ဝိုင်းပယ်ထားခြင်း၊
- ရုပ်ပုံ သို့မဟုတ် ပစ္စည်းတစ်ခုခုကို မြင်သာအောင်ပြခြင်း။ (ဥပမာ– မဂ္ဂဇင်း၊ ပြက္ခဒိန်၊ ပိုစတာများ)
- တစ်စုံတစ်ဦးကို မလိုမုန်းထားစိတ်ဖြင့် ကောလာဟလများဖြန့်ဝေခြင်း သို့မဟုတ် ထိပါးစော်ကားခြင်း။
- တစ်စုံတစ်ဦးကိုရမည်ရှာခြင်း သို့မဟုတ် ကျရှုံးစေရန် အကွက်ဆင်ခြင်း။
- အကြောင်းပြချက်မခိုင်လုံဘဲ တစ်စုံတစ်ဦး၏ လုပ်ငန်းဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ခြိမ်းခြောက်မှု များ သို့မဟုတ် မှတ်ချက်ပေးမှုများပြုလုပ်ခြင်း။
- အလုပ်ထဲတွင် တသီးတခြားနေခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း။

ADRA



**Zaw Moe Aung**
MEAL Officer
SHAPE Project

## CALENDAR



## OCTOBER 2023

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 Thadingyut Holiday |
| 29 Thadingyut Holiday | 30 Thadingyut Holiday | 31 | | | | |

**UPCOMING EVENTS**

Timesheets are due on the 25th of each month

**'MINGALABA'**
Next Volume:
15 October 2023

ADRA